Vol.1 (4), October 2021



https://kubota.com.mm/en/products/harvester/index.html

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin)

Market Information System

စိုက်ပျိုးရေးဦးစီးဌာန

"တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက် ဖြန့်ဝေရန် စိတ်ချအားထား ဈေးနှုန်းများ တောင်သူများအား ဖြန့်ဝေသွား"

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(www.doa.gov.mm, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

## ပါဝင်သောအကြောင်းအရာများ

- ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ
  - ➢ နှံစားသီးနှံ
  - ➢ ဆီထွက်သီးနှံ
  - ➢ ပဲမျိုးစုံ
  - ➢ စက်မှုကုန်ကြမ်းသီးနှံ
  - ➢ စားဖိုဆောင်သီးနှံ
- ပြည်တွင်းပြည်ပ လယ်ယာသတင်းများ

## ဈေးကွက်သတင်းအချက်အလက်များ

➢ စပါးဈေးနှုန်းများမှာ မြင့်တက်နေဆဲဖြစ်သော်လည်း သိသာစွာပြောင်းလဲမှုမရှိခြင်း

➢ မြေပဲဈေးနှုန်း ငြိမ်သက်နေပြီး နှမ်းနှင့် နေကြာ ဈေးနှုန်းများ မြင့်တက်လာခြင်း

➢ ပဲတီစိမ်းနှင့် မတ်ပဲဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပြီး ပဲစဉ်းငုံနီဈေးနှုန်းမှာလည်း အမြင့်ဈေးနှုန်းဖြင့် ဈေးငြိမ်လျက်ရှိနေခြင်း

➢ ချက်ကြံတစ်တန်ဈေးနှုန်း သိသာစွာ မြင့်တက်လာနိုင်ခြင်း

➢ ဝါ(ချည်မျှင်ရှည်)၏ တစ်ပိဿာဈေးနှုန်း

➢ ကြက်သွန်နီဈေးနှုန်းမြင့်တက်လာနိုင်သော်လည်း ကြက်သွန်ဖြူမှာ ဈေးနှုန်းငြိမ်နေခြင်း

➢ ငရုတ်နှင့် ခရမ်းချဉ်ဈေးနှုန်းများ တည်ငြိမ်နေခြင်း

စာမျက်နှာ ၂ မှ ၄

## ပြည်တွင်းပြည်ပလယ်ယာသတင်းများ

❖ စက်တင်ဘာလအတွင်း ဝါသီးနှံဈေးကွက် အခြေခံသဘောတရားများနှင့် ဈေးနှုန်းအလားအလာ

❖ သီးနှံမှတ်တမ်းများအရ တရုတ်နိုင်ငံသည် ကမ္ဘာ့ပြောင်းတင်သွင်းမှု ဦးဆောင်နိုင်ငံဖြစ်လာခြင်း

❖ USDA သည် (၂၀၂၁-၂၀၂၂)ခုနှစ် သကြား ကုန်စည်ရောင်းလိုအားနှင့် သုံးစွဲမှုတို့ကို မြင့်တင်ခြင်း

❖ အိန္ဒိယနိုင်ငံတွင် ခရမ်းချဉ်နှင့် အာလူးတို့၏ လက်ကား ဈေးနှုန်းများ ထပ်မံကျဆင်းခြင်း

❖ အခွင့်အလမ်းကောင်းများနှင့် ဗီယက်နမ်နိုင်ငံ၏ ကော်ဖီစိုက်ခင်းများသို့ လေ့လာလည်ပတ်ခြင်း ခရီးသွားလုပ်ငန်း

❖ ပြည်ပတင်ပို့မှု ကန့်သတ်ထားသော်လည်း မရေရာမှုများစွာရှိနေသော တရုတ်နိုင်ငံ၏ ကြက်သွန်နီ ဈေးကွက်

## စိုက်ပျိုးရေးဆိုင်ရာ နိုင်ငံတကာသတင်းများ

❖ တရုတ်ပန်းသီးဈေးကွက်တွင် သိုလှောင်မှု များပြားခြင်း၊ ဈေးနှုန်းနိမ့်ကျခြင်းတို့ကြောင့် ဆိုးရွားသော အခြေအနေများဖြစ်ပေါ်လာနိုင်ခြင်း

❖ အိန္ဒိယနိုင်ငံ၏ ဧပြီလမှ ဩဂုတ်လအထိ လယ်ယာထွက်ကုန်နှင့် ပြုပြင်ထားသော အစားအစာ ထုတ်ကုန်များ တင်ပို့မှုမှာ (၂၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်း

❖ ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ကမ္ဘာ့ပဲပုပ်စေ့ စိုက်ပျိုးထုတ်လုပ်မှု ၄.၃ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်းခန့်မှန်း

❖ အိန္ဒိယနိုင်ငံတွင် ၂၀၂၁ ခုနှစ် မိုးသီးနှံရာသီ၌ စပါးနှင့် ပဲမျိုးစုံ ဧရိယာတိုးချဲ့ စိုက်ပျိုးခဲ့ခြင်း

❖ အိန္ဒိယနိုင်ငံ၌ ပိုလျှံမှုရှိသည့် သကြား၊ ဆန် နှင့် ပြောင်းတို့မှအီသနောလောင်စာ ထုတ်လုပ်မည်

❖ မန္တလေးဈေးကွက်ရောင်းဝယ်ဖောက်ကားမှုအခြေအနေ

❖ ပင်လယ်ရေကြောင်းမှ ကုန်ပစ္စည်းတင်ပို့မှု နှုန်းထားများ မြင့်မားလာမှုကြောင့် ပို့ကုန် တင်ပို့သူများအား ထိခိုက်လျက်ရှိခြင်း

❖ အိန္ဒိယနိုင်ငံ၌ စားသုံးဆီနှင့် ဆီထွက်သီးနှံ သိုလှောင်နိုင်မှု ပမာဏကန့်သတ်ခြင်း

စာမျက်နှာ ၅ မှ ၁၀

# ဈေးကွက်သတင်း အချက်အလက်များ

## နှံစားသီးနှံ







## ပေါ်ဆန်းနှင့် မနောသုခစပါး

- စက်တင်ဘာလအတွင်း ပေါ်ဆန်းဈေးနှုန်းမှာ မန္တလေးဈေးကွက်၌ တစ်တင်းလျှင် (၁၄၀၀၀) ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခင်လထက် တစ်တင်းလျှင် ၅၀၀ ကျပ်မှ ၁၄၀၀ကျပ်အတွင်း (၄% မှ ၂၇%)ခန့်အထိသာ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။
- မနောသုခဈေးနှုန်းမှာ စက်တင်ဘာလအတွင်း မန္တလေးနှင့် စစ်ကိုင်းဈေးကွက်တို့၌သာ ယခင်လထက်တစ်တင်းလျှင် (၅%)ခန့်သာ ဈေးနှုန်းမြင့်တက်ခဲ့ပြီး သိသာစွာဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။
- မနောသုခမှာ မန္တလေးနှင့် စစ်ကိုင်းဈေးကွက်တို့၌ တစ်တင်းလျှင်အမြင့်ဆုံး(၉၀၀၀)ကျပ်ရှိနေပြီး ယခင်လထက် တစ်တင်းလျှင် (၅၀၀)ကျပ်ခန့်သာ ဈေးနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။
- စပါးသစ်ပေါ်ခါနီးအချိန်ဖြစ်ပြီး စပါးဟောင်းလက်ကျန်လျော့နည်းလာပြီဖြစ်ခြင်း၊ ကိုဗစ်ကပ်ရောဂါအပြင် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ စက်သုံးဆီဈေးနှုန်းများမြင့်တက်လာ၍ သယ်ယူပို့ဆောင်ရေးစရိတ်များ ကြီးမြင့်လာခြင်း၊ အချို့ဒေသများ၌လည်း ပေါ်ဆန်းမွှေးစပါးမျိုးမှာ အဓိကစားသုံးမှုများပြားခြင်း စသောအကြောင်းရင်းများကြောင့် စပါးဈေးနှုန်းမှာ ယခုစက်တင်ဘာလတွင်လည်း ဆက်လက်မြင့်တက်နေခြင်းဖြစ်သည်ဟု သိရှိရပါသည်။

## အစေ့ထုတ်ပြောင်း




- အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ စက်တင်ဘာလအတွင်း မန္တလေးဈေးကွက်၌ တစ်တင်းလျှင် (၁၆၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခင်လထက် မန္တလေးဈေးကွက်မှလွဲ၍ အခြားဈေးကွက်များတွင် တစ်တင်းလျှင် (၂၀၀ကျပ်မှ ၂၅၀၀ကျပ်) (၂%)မှ(၂၆%)အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။
- စက်တင်ဘာလအတွင်း အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ ကုန်သည်ပွဲစားများမှ ဈေးကွက်ကစားနေခြင်းကြောင့်မဟုတ်ဘဲ နိုင်ငံတကာဒေါ်လာပေါက်ဈေး အတက်အကျပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲနေရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## မြေပဲ၊ နှမ်း၊ နေကြာ

- မြေပဲ(အတောင့်)ဈေးနှုန်းမှာ စက်တင်ဘာလအတွင်း ကချင်ဈေးကွက်၌ တစ်တင်းလျှင် (၁၆၀၀၀)ကျပ်ဖြင့် အများဆုံးဖြစ်နေပြီး ယခင်လထက် နေပြည်တော်နှင့် ကချင်ဈေးကွက်တို့၌သာ (၃%) နှင့် (၄၇%)ခန့် အသီးသီး ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ဈေးကွက်အများစု၌ ဈေးငြိမ်လျက်ရှိနေပါသည်။
- နှမ်း(နက်)ဈေးနှုန်းမှာ စက်တင်ဘာလအတွင်း ရခိုင်ဈေးကွက်၌ တစ်တင်းလျှင်(၁၁၆၆၄၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခင်လထက် တစ်တင်းလျှင် (၈%မှ ၃၀%)အတွင်း ဈေးနှုန်းမြင့်တက်လာခဲ့ပါသည်။
- ငွေလဲလှယ်ဈေးနှုန်း မြင့်တက်လာခြင်း၊ ပြီးခဲ့သည့်နှမ်းရာသီတွင် အထွက်နှုန်းထက်ဝက်ခန့် လျော့ကျခဲ့ခြင်း၊ ယခုနှစ်မိုးနှမ်းစိုက်ပျိုးချိန် နောက်ကျခြင်းကြောင့် အောက်တိုဘာလဆန်းပိုင်းမှသာ သီးနှံပြန်လည်ပေါ်မည်ဖြစ်ခြင်း၊ ပြည်တွင်းလက်ကျန်နည်းလာခြင်းနှင့် တရုတ်နယ်စပ်ဂိတ်များပြန်လည်ဖွင့်မည့်အခြေအနေရှိခြင်းတို့ကြောင့် ဈေးနှုန်းပြန်လည်မြင့်တက်လာခြင်းဖြစ်သည်ဟုသိရှိရပါသည်။

## ဆီထွက်သီးနှံဈေးနှုန်းများ

| ဈေးကွက်အမည် | မြေပဲ(အတောင့်)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဩဂုတ် | စက်တင်ဘာ | ခြားနားချက်(%) |
| နေပြည်တော် | ၉၀၀၀ | ၉၃၀၀ | (+) ၃.၃၃ |
| ရန်ကုန် | ၁၂၀၀၀ | ၁၂၀၀၀ | ၀.၀၀ |
| မန္တလေး | ၁၃၀၀၀ | ၁၃၀၀၀ | ၀.၀၀ |
| မကွေး | ၁၀၅၀၀ | ၁၀၅၀၀ | ၀.၀၀ |
| တနင်္သာရီ | ၁၆၈၀၀ | ၁၆၈၀၀ | ၀.၀၀ |
| ကချင် | ၁၅၀၀၀ | ၂၂၀၀၀ | (+) ၄၆.၆၇ |
| ကယား | ၁၁၅၀၀ | ၁၁၅၀၀ | ၀.၀၀ |
| ကရင် | ၁၂၅၀၀ | ၁၂၀၀၀ | (-) ၄.၀၀ |
| ရခိုင် | ၁၆၀၀၀ | ၁၆၀၀၀ | ၀.၀၀ |




- စက်တင်ဘာလအတွင်းတွင် နေကြာဈေးနှုန်းမှာ မန္တလေးဈေးကွက်၌ တစ်တင်းလျှင် အမြင့်ဆုံး (၁၈၀၀၀)ကျပ် ရှိနေပါသည်။ ယခင်လနှင့်နှိုင်းယှဉ်ပါက မန္တလေးနှင့် ကယားဈေးကွက်တို့၌ တစ်တင်းလျှင် ၄၀၀၀ကျပ် (၃၀%)ခန့် အများဆုံးမြင့်တက်ခဲ့ခြင်း ဖြစ်ပါသည်။

# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဩဂုတ် | စက်တင်ဘာ | ခြားနားချက်(%) |
| ရန်ကုန် | ၅၆၀၀၀ | ၆၇၀၀၀ | (+) ၁၉.၆၄ |
| မန္တလေး | ၃၇၃၀၀ | ၄၉၀၀၀ | (+) ၃၁.၃၇ |
| မကွေး | ၃၈၀၀၀ | ၄၅၀၀၀ | (+) ၁၈.၄၂ |
| ရေဝတီ | ၄၀၀၀၀ | ၅၅၀၀၀ | (+) ၃၇.၅၀ |
| တနင်္သာရီ | ၃၈၀၀၀ | ၃၅၀၀၀ | (-) ၇.၈၉ |
| ကချင် | ၂၇၀၀၀ | ၃၈၀၀၀ | (+) ၄၀.၇၄ |
| ကရင် | ၂၅၅၀၀ | ၃၂၅၀၀ | (+) ၂၇.၄၅ |
| ရခိုင် | ၄၀၀၀၀ | ၄၀၀၀၀ | ၀.၀၀ |

## ပဲတီစိမ်းနှင့်မတ်ပဲ

- စက်တင်ဘာလအတွင်း ပဲတီစိမ်းဈေးနှုန်းမှာ ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် (၆၅၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးအနေအထားရှိနေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက တစ်တင်းလျှင် (၂၀၀၀ မှ ၂၀၀၀၀)ကျပ် (၅% မှ ၄၄%)အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိနေပါသည်။
- ပဲတီစိမ်းသည် ပြည်ပပို့ကုန်ပဲဖြစ်ပြီး တရုတ်သို့ အဓိကတင်ပို့နေသည့်အတွက် ပုံမှန်တင်ပို့မှုရှိနေသောကြောင့် ဈေးနှုန်းမှာတဖြည်းဖြည်းပြန်လည်မြင့်တက်နေခြင်းဖြစ်သည်ဟု သိရှိရပါသည်။
- စက်တင်ဘာလ၌ မတ်ပဲဈေးနှုန်းသည်လည်း ယခင်လထက် တစ်တင်းလျှင် (၇၀၀၀မှ ၁၅၀၀၀) ကျပ်(၁၈% မှ ၄၁%)အတွင်း ဈေးနှုန်းမြင့်တက်လာကာ ရန်ကုန်၌ တစ်တင်းလျှင်(၆၇၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပါသည်။
- မတ်ပဲဈေးနှုန်း မြင့်တက်လာရခြင်းမှာ အိန္ဒိယနိုင်ငံတွင် ပဲရိတ်သိမ်းချိန်၌ မိုးရွာသွန်းမှုများသဖြင့် ပျက်စီးဆုံးရှုံးမှုများသောကြောင့် ၎င်းနိုင်ငံ၏ ပဲလိုအပ်ချက်များလာနိုင်ခြင်း၊ ပဲတင်သွင်းမှုကာလကိုလည်း အောက်တိုဘာလကုန်မှ ဒီဇင်ဘာလကုန်အထိ သက်တမ်းတိုးမြှင့်ပေးခဲ့ခြင်းကြောင့် ဈေးကွက်အတွင်း ဈေးနှုန်းမြင့်မားလာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ကုလားပဲ




- စက်တင်ဘာလအတွင်း ကုလားပဲဈေးနှုန်းမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်၌ သာတစ်တင်းလျှင် (၂၁%)ခန့်မြင့်တက်ခဲ့ပြီး နေပြည်တော်ဈေးကွက်၌ တစ်တင်းလျှင် အမြင့်ဆုံး (၄၃၀၀၀)ကျပ် ရှိနေပါသည်။
- ကုလားပဲလက်ကျန်လျော့နည်းလာခြင်းနှင့် ပဲခွဲစက်များမှလည်း ဝယ်ယူမှုလျော့ကျသွားခြင်းတို့ကြောင့် ကုလားပဲဈေးနှုန်းမှာ စက်တင်ဘာလ အတွင်း သိသာစွာ ပြောင်းလဲခြင်းမရှိပါ။




- ပဲစဉ်းငုံနီတစ်တင်းဈေးနှုန်းမှာ စက်တင်ဘာလ အတွင်း နေပြည်တော်ဈေးကွက်၌ တစ်တင်းလျှင် (၅၅၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက တစ်တင်းလျှင် (၃၅၀၀ မှ ၁၄၀၀၀)ကျပ် (၁၀% မှ ၃၅%)ခန့်အထိ ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။
- ပဲစဉ်းငုံမှာ ပြည်တွင်း၌ လက်ကျန်လျော့နည်းလာခြင်း၊ အိန္ဒိယနိုင်ငံမှ ဝယ်လိုအားရှိနေခြင်းနှင့် ငွေလဲလှယ်ဈေးနှုန်းတို့ကြောင့် ယခုလတွင်လည်း ဈေးနှုန်းမှာ တဖြည်းဖြည်းမြင့်တက်လာနေခြင်း ဖြစ်သည်ဟု သိရှိရပါသည်။

# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ(ချည်မျှင်ရှည်)




- စက်တင်ဘာလအတွင်း ချည်မျှင်ရှည်ဝါဈေးနှုန်းမှာ မကွေးနှင့် မန္တလေးဈေးကွက်တို့၌ တစ်ပိဿာလျှင် (၁၅၀၀)ကျပ် အများဆုံးရှိနေပြီး ယခင်လထက် မကွေးဈေးကွက်၌ တစ်ပိဿာလျှင် (၁၅၀)ကျပ်ခန့်သာ အနည်းငယ် ဈေးနှုန်းမြင့်လာပါသည်။
- စက်တင်ဘာလအတွင်း ဝါဈေးနှုန်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးကွာခြားမှုမှာ တစ်ပိဿာလျှင် (၃၀၀) ကျပ်သာရှိပါသည်။

## ချက်ကြံ




- ချက်ကြံဈေးနှုန်းမှာ စက်တင်ဘာလအတွင်း မွန်ပြည်နယ်၌ တစ်တန်လျှင် အနိမ့်ဆုံး(၃၈၀၀၀) ကျပ်ဖြစ်ပြီး မန္တလေး၌ အမြင့်ဆုံး (၄၀၀၀၀)ကျပ် ရှိနေပါသည်။ စက်တင်ဘာလအတွင်း ဈေးနှုန်း အနိမ့်ဆုံးနှင့် အမြင့်ဆုံးကွာခြားမှုမှာ တစ်တန်လျှင် (၂၀၀၀)ကျပ်ဖြစ်ပါသည်။
- ကြံရာသီချိန်နီးကပ်လာပြီဖြစ်ပြီး လာမည့်ကြံရာသီ၌ သကြားစက်ရုံများမှ ဝယ်ယူမည့် ကြံ တစ်တန်အတွက်အခြေခံဈေးနှုန်းမှာ (၆၀၀၀၀) ကျပ် သတ်မှတ်ထားရှိသော်လည်း သကြားဈေးနှုန်း အတက်အကျအလိုက် ဝယ်ယူပေးမည့် ပုံစံမှာမူ မတူညီနိုင်ကြောင်း သိရှိရပါသည်။

# စားဖိုဆောင်သီးနှံ



## ကြက်သွန်နီ




များ ဖြစ်ပေါ်နေမှုကြောင့် သီးနှံများပျက်စီးမှု ရှိနိုင်ပြီး ဈေးကွက်ဝင်ရောက်ချိန် နောက်ကျနိုင်သဖြင့် ၎င်းနိုင်ငံမှ အဓိကအားထား ဝယ်ယူနေကြသည့် ဘင်္ဂလားဒေ့ရှ်နှင့် သိရီလင်္ကာကဲ့သို့သော နိုင်ငံများ အနေဖြင့် မြန်မာဘက်သို့ ပြောင်းလဲဝယ်ယူမည့် အလားအလာရှိနေသောကြောင့် မြန်မာ့ကြက်သွန်နီဈေးနှုန်းမှာ မြင့်တက်လာနိုင်မည့် အနေအထား ရှိနေကြောင်း သိရှိရပါသည်။

- စက်တင်ဘာလအတွင်း၌ ကြက်သွန်ဖြူဈေးနှုန်းမှာ ရခိုင်ဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၇၀၀၀)ကျပ်ရှိနေပြီး ယခင်လနှင့်ဈေးနှုန်းကွာခြားမှုအနေဖြင့်မကွေးဈေးကွက်၌သာ တစ်ပိဿာလျှင်(၂၀%)ခန့်အနည်းငယ်ကျဆင်းခဲ့သော်လည်း ဈေးနှုန်းသိသာစွာ ပြောင်းလဲခြင်း မရှိခဲ့ပါ။

## ငရုတ်(အစို/အခြောက်)




- စက်တင်ဘာလအတွင်း ငရုတ်(အစို)ဈေးနှုန်းမှာ တနင်္သာရီဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၄၅၀၀)ကျပ်ရှိနေပြီး သြဂုတ်လနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် (၂%)ခန့်သာ ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေးကွက်အတွင်း ဈေးနှုန်းတည်ငြိမ်လျက်ရှိနေပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | သြဂုတ် | စက်တင်ဘာ | ခြားနားချက်(%) |
| နေပြည်တော် | ၆၀၀၀ | ၆၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |
| မကွေး | ၃၀၀၀ | ၂၄၀၀ | (-)၂၀.၀၀ |
| တနင်္သာရီ | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |
| ရခိုင် | ၇၀၀၀ | ၇၀၀၀ | ၀.၀၀ |

## ခရမ်းချဉ်

| ဈေးကွက်အမည် | ခရမ်းချဉ်ဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | သြဂုတ် | စက်တင်ဘာ | ခြားနားချက်(%) |
| နေပြည်တော် | ၁၂၀၀ | ၁၈၀၀ | (+)၅၀.၀၀ |
| ရန်ကုန် | ၁၅၀၀ | ၁၅၀၀ | ၀.၀၀ |
| မန္တလေး | ၇၀၀ | ၇၀၀ | ၀.၀၀ |
| မကွေး | ၅၀၀ | ၆၀၀ | (+)၂၀.၀၀ |
| တနင်္သာရီ | ၂၀၀၀ | ၁၅၀၀ | (-) ၂၅.၀၀ |
| ရခိုင် | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |




## ကြက်သွန်နီနှင့် ကြက်သွန်ဖြူ

- စက်တင်ဘာလအတွင်း ကြက်သွန်နီဈေးနှုန်းမှာ ကချင်ဈေးကွက်၌ တစ်ပိဿာလျှင် (၁၁၀၀) ကျပ် အများဆုံး ရှိနေပြီး ဈေးကွက်အများစု၌ ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၇၀၀)ကျပ်ဖြစ်ပါသည်၊ ယခင်လနှင့်နှိုင်းယှဉ်ပါက မကွေး၊ ကယားနှင့် နေပြည်တော်ဈေးကွက်တို့၌ တစ်ပိဿာလျှင် (၂၀% မှ ၅၀%) အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။
- ကြက်သွန်နီဈေးနှုန်းအခြေအနေမှာ အိန္ဒိယနိုင်ငံ၌ ယခုကာလအတွင်း ရေကြီးနစ်မြှုပ်မှုအခြေအနေ

- စက်တင်ဘာလအတွင်း ခရမ်းချဉ်ဈေးနှုန်းမှာ ရခိုင်ဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၃၅၀၀)ကျပ်သာရှိနေပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက နေပြည်တော်ဈေးကွက်၌ တစ်ပိဿာလျှင် (၅၀%)ခန့်သာ အများဆုံးမြင့်တက်ခဲ့သော်လည်း ဈေးနှုန်း ငြိမ်နေသည့်အနေအထားဖြစ်ပါသည်။
- စက်တင်ဘာလအတွင်း၌ ခရမ်းချဉ်ဈေးနှုန်းမှာ ကိုဗစ်ကာလဖြစ်သဖြင့် သွားလာကန့်သတ်မှုများ ရှိခြင်း၊ သယ်ယူပို့ဆောင်ရေးခက်ခဲခြင်း၊ စက်သုံးဆီဈေးနှုန်းများမြင့်တက်ကာ သယ်ယူပို့ဆောင်ခ ကြီးမြင့်ခြင်းကြောင့် အရောင်းအဝယ်များ ရပ်တန့်သွားပြီး ဈေးနှုန်းငြိမ်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

- ငရုတ်(အခြောက်)ဈေးနှုန်းမှာ ရန်ကုန်နှင့် ရခိုင်ဈေးကွက်တို့၌ တစ်ပိဿာလျှင် (၁၀၀၀၀) ကျပ်ဖြင့် စက်တင်ဘာလအတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်နေပါသည်။
- သြဂုတ်လဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက နေပြည်တော်နှင့် ရခိုင်ဈေးကွက်တို့၌ တစ်ပိဿာလျှင် (၁၀%) ခန့် ဈေးနှုန်းအနည်းငယ်သာ မြင့်တက်ခဲ့ပါသည်။

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## စက်တင်ဘာလအတွင်း ဝါသီးနှံဈေးကွက် အခြေခံသဘောတရားများနှင့် ဈေးနှုန်း အလားအလာ

### လတ်တလောဈေးနှုန်းအပြောင်းအလဲအခြေအနေ

- အမေရိကန်နှင့်တရုတ်နိုင်ငံတို့၏ ဝါသတ်မှတ်ဈေးနှုန်းများသည်ဩဂုတ်လအစောပိုင်းတွင် မြင့်တက်ခဲ့သော်လည်း ဩဂုတ်လနှောင်းပိုင်းနှင့် စက်တင်ဘာလအစောပိုင်းတို့တွင် ကျဆင်းခဲ့ကြောင်း၊
- ဒီဇင်ဘာလ NY / ICE ကြိုရောင်းကြိုဝယ် စာချုပ်အတွက်ဈေးနှုန်းများသည် ဩဂုတ်လအစောပိုင်းတွင် တစ်ပေါင်လျှင် (၉၀)ဆင့်မှ (၉၅)ဆင့်သို့ မြင့်တက်ခဲ့ပြီး ဩဂုတ်လလယ်မှစ၍ အနိမ့်ဆုံးသို့ ကျဆင်းကာ ဝါသီးနှံလက်ရှိဈေးနှုန်းသည် တစ်ပေါင်လျှင်(၉၃)ဆင့် ရှိနေကြောင်း၊
- တရုတ်နိုင်ငံ၏ ဝါအညွှန်းကိန်း (CC Index 3128B)သည် ဩဂုတ်လပထမနှစ်ဝက်တွင် (၁၂၄)ဆင့်မှ (၁၂၉)ဆင့်သို့ မြင့်တက်ခဲ့ပြီး ဩဂုတ်လလယ်မှစ၍ တစ်ပေါင်လျှင်(၁၂၉)ဆင့်ခန့်တွင် တည်ငြိမ်လျက်ရှိကြောင်း၊
- အိန္ဒိယနိုင်ငံ လက်တလောဝါဈေးနှုန်းများ (Shan kar-6 quality)သည် သိသိသာသာတည်ငြိမ်နေပြီး ဝါတစ်ပေါင်လျှင် (၉၇)ဆင့်ခန့်ရှိကြောင်း၊

### ရောင်းလိုအား၊ ဝယ်လိုအားနှင့် ကုန်သွယ်မှု

- USDA အစီရင်ခံစာတွင် ဝါထုတ်လုပ်မှုသည် (၇၄၅,၀၀၀ အထုပ် (bales) မှ ၁၁၉.၆ သန်း) (1 bales= 500lbs of cotton in US)နှင့် ကြိတ်ခွဲသုံးစွဲမှု(၈၁၀,၀၀၀ balesမှ ၁၂၄.၁ သန်း)တန်းတူနီးပါးမြင့်တက်ခဲ့ကြောင်း၊
- နိုင်ငံအလိုက် အများဆုံးပြောင်းလဲမှုများမှာ အမေရိကန်(၁.၂ သန်း bales မှ ၁၈.၅ သန်း)၊ ဩစတြေးလျ (၃၀၀,၀၀၀ bales မှ ၄.၇ သန်း)၊ အာဂျင်တီးနား(၁၀၀,၀၀၀ bales မှ ၁.၅ သန်း)၊ ဘီနင် (၁၀၀,၀၀၀ bales မှ ၁.၃ သန်း)၊ ဂရိ (၁၀၀,၀၀၀ bales မှ ၁.၄ သန်း)၊ တိုဂို (၁၂၅,၀၀၀ bales အောက် မှ ၁၂၅,၀၀၀) နှင့် အိန္ဒိယ (၅၀၀,၀၀၀bales မှ ၂၈.၅ သန်း) ဖြစ်ကြောင်း၊
- ကြိတ်ခွဲအသုံးပြုမှုအရ နိုင်ငံအလိုက် အများဆုံးပြောင်းလဲမှုတွင် ဘင်္ဂလားဒေ့ရှ် (၂၀၀,၀၀၀ bales မှ ၈.၇ သန်း)၊ ဘရာဇီး (၁၀၀,၀၀၀ bales မှ ၃.၂ သန်း)၊ ပါကစ္စတန် (၄၀၀,၀၀၀ bales မှ ၁၁.၀ သန်း)၊ တူရကီ(၁၀၀,၀၀၀ bales မှ ၈.၃ သန်း)နှင့် ဗီယက်နမ် (၁၀၀,၀၀၀ bales မှ ၇.၅ သန်း) တို့ပါဝင်ကြောင်း၊
- တင်သွင်းမှုတွင် အများဆုံးပြောင်းလဲမှုမှာ ဘင်္ဂလားဒေ့ရှ် (၂၀၀,၀၀၀ bales မှ ၈.၂ သန်း)၊ ပါကစ္စတန် (၃၀၀,၀၀၀ bales မှ ၅.၉ သန်း)နှင့် ဗီယက်နမ် (၁၀၀,၀၀၀ bales မှ ၇.၅ သန်း)တို့ ဖြစ်ကြောင်း၊
- တင်ပို့မှုတွင်အများဆုံးပြောင်းလဲမှုမှာ အမေရိကန် (၅၀၀,၀၀၀ bales မှ ၁၅.၅ သန်း)၊ ဩစတြေးလျ (၁၀၀,၀၀၀ bales မှ ၃.၆ သန်း) နှင့် တူရကီ (၁၀၀,၀၀၀ bales မှ ၆၀၀,၀၀၀ bales) တို့ဖြစ်ကြောင်း၊

### ဈေးနှုန်းအလားအလာ

- တရုတ်လက်ဝယ်အရန်စနစ်မှ ဝါများကို ဇူလိုင်လအစောပိုင်းတွင်စတင်ရောင်းချခဲ့သော ရောင်းအားသည် စုစုပေါင်း တန်ချိန် ၅၀၀,၀၀၀ (ပေါင် ၂.၃ သန်း)နီးပါးသို့ ရောက်ရှိခဲ့ပြီး စက်တင်ဘာလကုန်အထိ တန်ချိန် ၆၀၀,၀၀၀ (ပေါင် ၂.၈ သန်း) ရောင်းချမည်ဖြစ်ကြောင်း၊
- (၂၀၂၀-၂၁)ခုနှစ်တွင်အများဆုံးအရင်းအမြစ်သုံးခု ဖြစ်သည့် အမေရိကန်နိုင်ငံ (၃.၆ သန်း bales မှ ၅.၇ သန်းသို့)၊ ဘရာဇီး (၆၉၆,၀၀၀ bales မှ ၃.၆ သန်းသို့)၊ အိန္ဒိယ (၁.၇ သန်း bales မှ ၂.၃ သန်းသို့)တို့မှ အားကောင်းလာကြောင်း၊
- ကမ္ဘာ့ကုန်သွယ်မှုအားကောင်းလာခြင်းသည် ဝါပွမ်းဈေးနှုန်းအား အထောက်အပံ့တစ်ခုဖြစ်ကြောင်း၊ COVID ဖြစ်ပွားမှုနှင့်အတူ တရုတ်အစိုးရနှင့် ဆက်စပ်သော ဝယ်ယူမှုများသည် အမေရိကန်ပို့ကုန်များ အားကောင်းစေသော အကြောင်းရင်းတစ်ခုဖြစ်ခဲ့ပါကြောင်း၊ Cotton Incorporated ကွန်ယက်၏ လစဉ်ထုတ် သတင်းတွင် ဖော်ပြထားပါသည်။

Source: https://www.cottoninc.com/market-data/monthly-economic-newsletter/ Cotton Incorporated, Monthly Economic Letter, Cotton Market Fundamentals & Price Outlook, September 2021

## သီးနှံမှတ်တမ်းများအရ တရုတ်နိုင်ငံသည် ကမ္ဘာ့ပြောင်းတင်သွင်းမှု ဦးဆောင်နိုင်ငံဖြစ်လာခြင်း

- တရုတ်နိုင်ငံသည် အမေရိကန်ပြီးလျှင် ဒုတိယမြောက် ပြောင်းအများဆုံး စိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံတစ်ခုဖြစ်ပြီး ကမ္ဘာ့စိုက်ပျိုးထုတ်လုပ်မှုလစဉ်အစီရင်ခံစာအရ လာမည့်(၂)နှစ်အတွင်း တရုတ်သည် ကမ္ဘာ့အများဆုံး ပြောင်းတင်သွင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာလိမ့်မည်ဟုလည်း ခန့်မှန်းထားကြောင်း၊
- တရုတ်နိုင်ငံ၏ လက်ရှိရိတ်သိမ်းထားသော သီးနှံစုစုပေါင်းမှာ ခန့်မှန်းချိန် တန်ချိန်ပေါင်း (၂၇၃) သန်းရှိပြီး ယခင်နှစ်ရိတ်သိမ်းမှုထက် (၅%) ပိုမိုခဲ့ပြီး(၂၀၂၀-၂၁)ခုနှစ်အကုန်ဈေးကွက်တွင် တင်သွင်းခဲ့သော ပြောင်းတန်ချိန်ပေါင်း (၂၆)သန်းခန့်ကဲ့သို့သော အလားတူပမာဏကို ယခုနှစ်တွင်တင်သွင်းနိုင်လိမ့်မည်ဖြစ်ကြောင်း၊
- တရုတ်ပြည်တွင်းပြောင်းဈေးနှုန်းနှင့်နိုင်ငံတကာပြောင်းဈေးနှုန်းတို့၏ကွာဟချက်တည်မြဲနေခြင်း တရုတ်နိုင်ငံတောင်ပိုင်းတွင် မွေးမြူရေးအစာလိုအပ်ချက်မြင့်မားနေခြင်းတို့ ဆက်ရှိနေမည်ဟု မျှော်လင့်ရသည့်အတွက် (၂၀၂၁-၂၂)ခုနှစ်တွင် ပြောင်းတင်သွင်းမှုများ လျော့ကျမည် မဟုတ်ကြောင်း (WASDE)အစီရင်ခံစာတွင် ဖော်ပြထားကြောင်း၊
- ယခုရာသီတွင် တရုတ်၏ ပြောင်းအထွက်နှုန်းသည် တစ်ဟက်တာပျမ်းမျှအထွက်နှုန်း၏ (၅%) အထက်တွင်ရှိကြောင်း ကမ္ဘာ့စိုက်ပျိုးထုတ်လုပ်မှုလစဉ်အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

Source: https://www.agriculture.com/news/crops/china-to-be-world-s-leading-corn-importer-even-with-record-crop

## USDA သည် (၂၀၂၁-၂၀၂၂)ခုနှစ် သကြားကုန်စည် ရောင်းလိုအားနှင့် သုံးစွဲမှုတို့ကို မြှင့်တင်ခြင်း

- (၂၀၂၀-၂၁)ခုနှစ် ဈေးကွက်နှစ်အတွင်း USDA ၏ ပြည်တွင်းသကြားထုတ်လုပ်မှုသည် တန်ချိန် (၃၂,၀၀၀)၊ ကုန်ကြမ်းတန်ချိန် (၅,၀၃၁,၀၀၀) သို့ လျော့ကျခဲ့ပြီး ကြံသကြားထုတ်လုပ်မှုသည် တန်ချိန် (၄,၁၇၁,၀၀၀)၌ မပြောင်းလဲဘဲတည်ရှိခဲ့ကြောင်း၊
- စုစုပေါင်း တင်သွင်းမှုတန်ချိန် (၃,၁၆၉,၀၀၀) ရှိသည်ဟုခန့်မှန်းထားပြီး ဩဂုတ်လမှ တင်သွင်းမှုစုစုပေါင်းပမာဏတန်ချိန်(၈,၀၀၀)ခန့်ကျဆင်းခဲ့ပြီး စုစုပေါင်းရောင်းလိုအားမှာလည်း တန်ချိန် (၁၃,၉၈၉,၀၀၀) ခန့်ရှိပြီး ဩဂုတ်လမှ တန်ချိန် (၃၉,၀၀၀)ခန့်ထိ ကျဆင်းခဲ့ကြောင်း၊
- သကြားမုန်လာမှ သကြားထုတ်လုပ်မှုသည် တန်ချိန်ပေါင်း (၅,၂၀၂,၀၀၀)ရှိသည်ဟု ခန့်မှန်းထားခဲ့ရာ ဩဂုတ်လတွင် တန်ချိန်(၁၂၄,၀၀၀)ထိ မြင့်တက်ခဲ့ကြောင်း၊
- ကြံမှသကြားထုတ်လုပ်မှုသည် တန်ချိန် (၃,၉၆၀,၀၀၀) ရှိသည်ဟု ခန့်မှန်းထားခဲ့ပြီး ဖလော်ရီဒါမှ ကြိုက်နှစ်သက်မှု လျော့ကျခြင်းကြောင့် တန်ချိန် (၁၀,၀၀၀) ကျဆင်းခဲ့ကြောင်း၊

- ➢ (၂၀၂၁-၂၂)ခုနှစ်တွင် သွင်းကုန်တန်ချိန် (၃,၂၀၂,၀၀၀)ရှိသည်ဟု ခန့်မှန်းထားပြီး ဩဂုတ်လမှ တန်ချိန်(၇၆,၀၀၀)ခန့် မြင့်တက်ခဲ့ကြောင်း၊
- ➢ USDA သည် (၂၀၁၉-၂၀) ခုနှစ်တွင် high-tier တင်သွင်းမှုအား တန်ချိန်(၂၂,၃၇၉)ထိ မြင့်တင်ခဲ့ပြီး ကုန်ကြမ်းတန်ဖိုးမှာ တန်ချိန် (၂၀၅,၀၀၀) ခန့်ဖြစ်ခဲ့ပါကြောင်းနှင့် စားနပ်ရိက္ခာအတွက် တူညီသောပမာဏဖြစ်၍ တန်ချိန် (၁၂,၂၄၆,၁၈၃) သတ်မှတ်ထားပြီး လက်ကျန်ကုန်ပစ္စည်းတန် ချိန် (၁,၆၁၈,၀၀၀)ကိုချန်ထားကာ ကုန်ပစ္စည်း သုံးစွဲမှုအချိုးမှာ (၁၃%)ဖြစ်ပြီး အပြောင်းအလဲမရှိဘဲ ဩဂုတ်လနည်းတူ မူလပမာဏအတိုင်း ရှိကြောင်း Ron Sterk မှ Food Business News ၏ (၁၃.၉.၂၀၂၁) ရက်နေ့ သတင်းတွင် ရေးသား ဖော်ပြထားပါသည်။

Source: https://www.foodbusinessnews.net/articles/19567-usda-boosts-2021-22-sugar-supply-use

## အိန္ဒိယနိုင်ငံတွင် ခရမ်းချဉ်နှင့် အာလူးတို့၏ လက်ကားဈေးနှုန်းများ ထပ်မံကျဆင်းခြင်း

- ➢ အိန္ဒိယနိုင်ငံအတွင်း (၂၀၂၁)ခုနှစ် ဇန်နဝါရီလမှ စတင်၍ (၅၀%)ခန့် ဈေးကျဆင်းလျက်ရှိသော ခရမ်းချဉ်နှင့် အာလူးဈေးများသည် တစ်လပြီး တစ်လထပ်မံကျဆင်းလျက်ရှိနေကြောင်း၊
- ➢ Maharashtra ရှိ ခရမ်းချဉ်သီးလက်ကား ဈေးနှုန်းများသည် တစ်ကီလိုဂရမ်တွင် (၃)ရူပီးမှ(၅) ရူပီးသို့ကျဆင်းခဲ့ပြီး ဒေလီရှိအာလူး လက်ကားဈေးများမှာတစ်ကီလိုဂရမ်တွင် (၇)ရူပီးမှ (၉) ရူပီးအထိကျဆင်းသွားပြီး ထပ်မံကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း၊
- ➢ Nashik ခရိုင်ရှိ Lasalgaon နှင့် Pimpalgaon တို့သည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံး ခရမ်းချဉ်သီး ဈေးကွက်နှစ်ခုဖြစ်ကြောင်း၊
- ➢ သို့သော် တောင်သူများသည် ယင်းတို့၏ ထုတ်ကုန်အတွက် တစ်ကီလိုဂရမ်တွင်(၃)ရူပီးမှ(၅)ရူပီး ခန့်သာရရှိပြီး ၎င်းငွေပမာဏသည် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်ကိုပင် မကာမိနိုင်ကြောင်း၊
- ➢ အိန္ဒိယနိုင်ငံမှ ခရမ်းချဉ်သီးများ ပါကစ္စတန်သို့ တင်ပို့မှုသည် လွန်ခဲ့သောသုံးနှစ်မှ စတင်ပြီး ရပ်တန့်ခဲ့ကြောင်း၊ Lasalgaon APMC ဥက္ကဋ္ဌ Suvarna Jagtap မှ ခရမ်းချဉ်သီး တင်ပို့မှုကို ဗဟိုအစိုးရမှ အမြန်ဆုံးမြှင့်တင်ရန် တောင်းဆိုခဲ့ပြီး ခရမ်းချဉ်ဈေးနှုန်းများကို အထောက်အကူ ဖြစ်စေနိုင်ရန်အတွက်ဖြစ်ကြောင်း၊ Jayashree Bhosale , ET Bureau မှ (၂၇.၈.၂၀၂၁) တွင် The Economic Times သတင်းတွင် ရေးသားထား ပါသည်။

Source: https://economictimes.indiatimes. com/news/india/further-slide-in-wholesale-prices-of-tomato-potato/articleshow/85668176.cms

## အခွင့်အလမ်းကောင်းများနှင့် ဗီယက်နမ်နိုင်ငံ၏ ကော်ဖီစိုက်ခင်းများသို့ လေ့လာလည်ပတ်ခြင်း ခရီးသွားလုပ်ငန်း

- ✓ ဟနွိုင်း(VNA)-ဗီယက်နမ်နိုင်ငံ ခရီးသွား လုပ်ငန်း အုပ်ချုပ်ရေး(VNAT)နှင့် ဗီယက်နမ်ရှိ ကိုလံဘီယာ သံရုံးအဖွဲ့တို့ဦးဆောင်သော ကော်ဖီခရီးသွား လုပ်ငန်း၏ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှုနှင့် အရောင်းမြှင့်တင်ရေးဆိုင်ရာ(webinar)ကို နှစ်နိုင်ငံကိုယ်စားလှယ်ပေါင်း (၂၀၀)ကျော်ဖြင့် စက်တင်ဘာ (၁၆)ရက်နေ့တွင် ကျင်းပခဲ့ကြောင်း၊
- ✓ ဗီယက်နမ်နိုင်ငံ၏ ကော်ဖီအဓိကအများဆုံး စိုက်ပျိုးသောဒေသဖြစ်သည့် အလယ်ပိုင်းကုန်းမြင့်ဒေသတွင် အဓိကပြုလုပ်ထားသည့် ကော်ဖီစိုက်ခင်းများသို့ လေ့လာလည်ပတ်ခြင်း ခရီးသွားလုပ်ငန်းသည် အသစ်ထွက်ပေါ်လာသော ခရီးသွားလုပ်ငန်းအမျိုးအစားတစ်ခုဖြစ်ပြီး ခရီးသွားများကိုယ်တိုင် ကော်ဖီစိုက်ပျိုးခြင်းနှင့် ပြုပြင်ခြင်းနည်းလမ်းများကို လေ့လာနိုင်ကြောင်း၊
- ✓ webinar ၌ ဗီယက်နမ်နှင့် ကိုလံဘီယာမှ ကိုယ်စားလှယ်များသည် ကော်ဖီစိုက်ခင်းခရီးသွားလုပ်ငန်း၏အတွေ့အကြုံနှင့် သတင်းအချက်အလက်များ၊ လူထုအခြေပြု ခရီးသွားလုပ်ငန်းဆက်နွယ်မှုများဖြင့် ၎င်းလုပ်ငန်းအား ဖွံ့ဖြိုးတိုးတက်မှုများ၊ ကော်ဖီခရီးသွားလုပ်ငန်း ထုတ်ကုန်တိုးတက်ရေးနှင့် မြှင့်တင်ရေးတွင် သက်ဆိုင်သူများအကြား ချိတ်ဆက်ခြင်းများနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုအလားအလာများ စသည်တို့ကို မျှဝေခဲ့ကြောင်း၊
- ✓ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်း ကော်ဖီတင်ပို့သော နိုင်ငံဖြစ်သောကြောင့် ခရီးသွားလုပ်ငန်းနှင့် ကော်ဖီထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် ကဏ္ဍနှစ်ခုလုံးကို မြှင့်တင်ပေးပြီး နိုင်ငံ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေကြောင်း၊
- ✓ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာတွင် ဒုတိယကော်ဖီအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် ပျမ်းမျှတန်ချိန်(၁.၆)သန်းမှ(၁.၈)သန်းခန့် တင်ပို့ပြီး ဒေါ်လာ(၂.၆-၂.၈)ဘီလီယံ ရရှိပါကြောင်း (၁၆.၉.၂၀၂၁)တွင် ထုတ်ပြန်သော ဗီယက်နမ်နိုင်ငံ VNA page ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

Source: https://en.vietnamplus.vn/coffee-tourism-offers-chance-for-vietnams-agro tourism-webinar/208119.vnp

## ပြည်ပတင်ပို့မှု ကန့်သတ်ထားသော်လည်း မရေရာမှုများစွာရှိနေသော တရုတ်နိုင်ငံ၏ ကြက်သွန်နီဈေးကွက်

- ■ တရုတ်နိုင်ငံ ဂန်ဆုဒေသတွင် အစောပိုင်းအနီရောင်ကြက်သွန်နီများကို ဇူလိုင်လဆန်းပိုင်းတွင် ရိတ်သိမ်းခဲ့ပြီး အဝါရောင်ကြက်သွန်နီများသည် ဇူလိုင်လလယ်တွင် ဈေးကွက်သို့ အများအပြား ရောက်ရှိခဲ့ကြောင်း၊
- ■ ယခုနှစ် ထိုဒေသ၏ ကြက်သွန်စိုက်ဧရိယာသည် (၄၉၄၂၁)ဧကခန့်ရှိပြီး ယခင်နှစ်ထက် (၉၈၈၄) ဧကခန့် ထပ်တိုးစိုက်ပျိုးလာသော်လည်း အပူချိန်မြင့်မားခြင်းကြောင့် အထွက်နှုန်းကျဆင်းခဲ့ကာ စုစုပေါင်းအထွက်နှုန်းမှာ ယခင်နှစ်ထက် သိသိသာသာပြောင်းလဲခြင်းမရှိခဲ့ကြောင်း၊
- ■ စက်တင်ဘာလဆန်းပိုင်းတွင် အစောပိုင်း ကြက်သွန်နီများကုန်ဆုံးလာပြီး နှောင်းပိုင်း ကြက်သွန်နီများ ဈေးကွက်ထဲသို့ အများအပြားဝင်လာခြင်းဖြင့် ဂန်ဆုဒေသရှိ ကြက်သွန်နီ သိုလှောင်မှုကို စတင်ခဲ့ကြောင်း၊
- ■ ကြက်သွန်နီစိုက်ပျိုးဧရိယာများရှိ ဈေးကွက်အခြေအနေသည် ထုတ်ကုန်များသိုလှောင်ခြင်းမှများစွာလွှမ်းမိုးမှုရှိပြီး ကာလတိုအနေဖြင့် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း၊
- ■ ရှန်တုန်းဒေသတွင် အအေးခန်းကြက်သွန်များ ကြိုတင်ဝယ်ယူမှုများပြားခြင်းကြောင့် အမြတ်ရရှိမှု အလွန်နည်းပါးပြီး အအေးခန်းတွင် သိုလှောင်ထားသော ကြက်သွန်နီများလက်ဝယ်ရှိသည့် ဈေးကွက်လှုပ်ရှားသူများသည် ဈေးကွက်အပေါ် စောင့်ကြည့်နေကြောင်း၊
- ■ ကြက်သွန်နီသိုလှောင်မှုသည် ဈေးကွက်အပေါ် အစောပိုင်းသိုလှောင်မှုဝယ်ယူခြင်းဖြင့် အထောက်အကူဖြစ်စေနိုင်သော်လည်း အအေးခန်းသိုလှောင်ကြက်သွန်နီလက်ကျန်ပမာဏများပြားနေဆဲဖြစ်သောကြောင့် ဈေးကွက်တွင် လက်ရှိဝယ်လိုအားမှာကျဆင်းနေပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းတဖြည်းဖြည်းကျဆင်းလာကြောင်း၊
- ■ ထုတ်လုပ်မှုဧရိယာအတွင်း တစ်နှစ်ထက် တစ်နှစ် အရည်အသွေးကောင်း ကြက်သွန်များထွက်ရှိမှု နည်းပါးလာခြင်းဖြစ်ပါသည်။ ရာသီဥတုနှင့် အပင်ရောဂါများကဲ့သို့ သက်ရောက်မှုများကြောင့် ယခု

နှစ်ထုတ်လုပ်မှုဇရိယာမှ အရည်အသွေးကောင်းသော ထုတ်ကုန်များ နည်းပါးကြောင်း၊

- ကာလတိုအတွင်း ကြက်သွန်နီဈေးနှုန်း မြင့်တက်လာမည့် အလားအလာမရှိကြောင်း၊
- အအေးခန်းကြက်သွန်နီ သိုလှောင်မှုစရိတ်သည် များပြားပြီး ယခုနှစ်ကြက်သွန်နီဈေးသည် တစ်နှစ်ထက်တစ်နှစ်များပြီး သိုလှောင်မှုအမြတ်မှာ နည်းပါးလာကြောင်း၊
- တောင်ကိုရီယား၊ ဂျပန်နှင့် အခြားနိုင်ငံများသည် ယခင်နှစ်များနှင့်အလားတူဝယ်လိုအားနည်းပါးပြီး ကပ်ရောဂါရိုက်ခတ်မှုကြောင့် ကြက်သွန်နီ တင်ပို့မှုကိုကန့်သတ်ထားခဲ့ပြီး ပင်လယ်ကုန်စည်ပို့ဆောင်မှု၏ သက်ရောက်မှုနှင့်အတူတင်ပို့မှုတွင် မရေမရာမှုများရှိနေသေးကြောင်း (၂၁.၉.၂၀၂၁) တွင် ထုတ်ပြန်ခဲ့သော Fresh Plaza global trade media ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

Source: https://www.freshplaza.com/article/9355477/china-the-export-of-onions-is-restricted-and-there-is-still-great-uncertainty/

## တရုတ်ပန်းသီးဈေးကွက်တွင် သိုလှောင်မှုများ ပြားခြင်း၊ ဈေးနှုန်းနိမ့်ကျခြင်းတို့ကြောင့် ဆိုးရွားသော အခြေအနေများ ဖြစ်ပေါ်လာနိုင်ခြင်း

- East Fruit လေ့လာဆန်းစစ်သူများ၏ အဆိုအရ တရုတ်နိုင်ငံ၏လတ်ဆက်သောပန်းသီး ဈေးကွက်၌ရောင်းဝယ်ဖောက်ကားကြသူများသည် အခက်အခဲများ ကြုံတွေ့နေကြောင်း၊
- တရုတ်နိုင်ငံသည် (၂၀၂၀)ပြည့်နှစ်၌ ပန်းသီး သိုလှောင်မှုပမာဏများပြားသောကြောင့် (၂၀၂၁) ခုနှစ် နွေရာသီပန်းသီးများကို ဈေးနှုန်း နည်းနည်းဖြင့်သာ ရောင်းချနိုင်ခဲ့သဖြင့် ဈေးကွက် အခြေအနေမှာ ပိုမိုဆိုးရွားခဲ့ကြောင်း၊
- တရုတ်တောင်သူများသည် Gala ပန်းသီးများအားဇူလိုင်လနှောင်းပိုင်းနှင့် ဩဂုတ်လ အစောပိုင်းတို့တွင် ဈေးကွက်သို့ စတင်ရောင်းခဲ့ရာ ဩဂုတ်လတွင် ဈေးနှုန်းပိုမိုနိမ့်ကျလာပါ သည်။
- အရည်အသွေးကောင်းသော နွေရာသီ ပန်းသီးများအတွက် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ (၀.၂)အောက်သာရရှိခဲ့ပြီး ဝယ်ယူသူများသည် အရွယ်အစားသေးငယ် သောပန်းသီးများအတွက် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ (၀.၁၀)အောက်နှင့်သာ ဝယ်ယူရရှိကြောင်း၊
- ပန်းသီးထုတ်လုပ်သည့် ရာသီတစ်လျှောက်တွင် ဈေးကောင်းမရခဲ့သော်လည်း တရုတ် နိုင်ငံသည် ပန်းသီးတင်ပို့မှုအား (၂၀၁၉-၂၀)ခုနှစ် ရာသီနှင့်နှိုင်းယှဉ်လျှင်(၂%)တန်ချိန်(၁.၁)သန်းပို၍ တိုးမြှင့်တင်ပို့ရန် စီစဉ်ထားကြောင်း၊
- (၂၀၁၆-၁၇)ခုနှစ်ရာသီနှင့် (၂၀၁၇-၁၈)ခုနှစ် ထိုနှစ်များအတွင်း တရုတ်နိုင်ငံသည် (၂၂-၂၄%) တင်ပို့ခဲ့ပြီး (၂၀၂၀-၂၁)ခုနှစ်ရာသီ ပန်းသီးတင်ပို့မှုထက် တန်ချိန်(၂၆၀,၀၀၀)နီးပါး ပို၍ တင်ပို့နိုင်ခဲ့ကြောင်း၊
- ပြီးခဲ့သည့်ရာသီသည် နှစ်ပေါင်းများစွာအတွင်း တရုတ်နိုင်ငံသို့ ပန်းသီးတင်သွင်းမှုတွင် စံချိန်တင်အနိမ့်ဆုံးဖြစ်ခဲ့ပြီး တန်ချိန် (၆၉,၀၀၀) ခန့်သာရှိခဲ့ပါသည်။ တရုတ်ပန်းသီး တင်ပို့သူများအတွက် အခြား ရွေးချယ်စရာတစ်ခုဖြစ်သည့် ရုရှား ဈေးကွက် သည်လည်း ပိတ်ထားဆဲဖြစ်ပြီး တင်ပို့မှု အခွင့် အလမ်း ရှာမတွေ့ခဲ့ကြောင်း၊
- အကြီးမားဆုံး ထုတ်လုပ်သူနှင့် ရောင်းချသူဖြစ်သည့် တရုတ်နိုင်ငံသည် ပန်းသီးဈေးကွက်၌ အဆင်မပြေသောအခြေအနေများကြောင့် ရှုပ်ထွေးလျက်ရှိ(၂၀.၉.၂၀၂၁)တွင် ထုတ်ပြန်သော Fresh Plaza global trade media ကွန်ယက်၏ သတင်းစောင်းပါးအရ သိရှိရပါသည်။

Source: https://www.freshplaza.com/ article/9357200/high-stocks-low-prices-pessimistic-expectations-in-chinese-apple-market/

## အိန္ဒိယနိုင်ငံ၏ ဧပြီလမှ ဩဂုတ်လအထိ လယ်ယာထွက်ကုန်နှင့် ပြုပြင်ထားသောအစားအစာထုတ်ကုန်များတင်ပို့မှုမှာ (၂၂)ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်း

- ❖ အိန္ဒိယနိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်များ၏ တင်ပို့မှုအလားအလာကို အဓိကမြှင့်တင်ပြီး (၂၀၂၀-၂၁) ခုနှစ်၊ ဧပြီလနှင့် ဩဂုတ်လအတွင်း လယ်ယာ ထွက်ကုန်နှင့်ပြုပြင်ထားသော အစားအစာထုတ်ကုန်များ၏ တင်ပို့မှုသည် (၂၁.၈%) သိသိသာသာ တိုးတက်မှုရှိခဲ့ကြောင်း၊
- ❖ ဆန်တင်ပို့မှုသည် (၂၀၂၀)ပြည့်နှစ် ဧပြီလမှ ဩဂုတ်လအထိ ဒေါ်လာ(၃၃၅၉)သန်းမှ (၁၃.၇%) မြင့်တက်ပြီး (၂၀၂၁) ခုနှစ် အလားတူကာလတွင် ဒေါ်လာ (၃၈၂၀)သန်း ရှိခဲ့ကြောင်း၊
- ❖ (၂၀၂၀-၂၁)ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအထိ လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုသည် ဒေါ်လာ (၁.၀၁၃) သန်းရှိခဲ့ပြီး (၂၀၂၁-၂၂)ခုနှစ် အလားတူကာလတွင် ဒေါ်လာ (၁၀၇၅)သန်း ရှိခဲ့ကြောင်း၊
- ❖ အိန္ဒိယနိုင်ငံ၏အခြားနံ့စားသီးနှံများ တင်ပို့မှုသည် (၁၄၂.၁%) သိသိသာသာတိုးတက်ခဲ့ပြီး မှတ်တမ်းများအရ (၂၀၂၁-၂၂)ဘဏ္ဍာရေးနှစ် ပထမငါးလတွင် အသား၊ နို့နှင့် မွေးမြူရေးကြက် ထွက်ကုန်ပစ္စည်းများ တင်ပို့မှုသည် (၃၁.၁%)တိုးတက်ခဲ့ကြောင်း၊
- ❖ (၂၀၂၀) ဧပြီလမှ ဩဂုတ်လအထိ အခြားနံ့စားသီးနှံများတင်ပို့မှုသည် ဒေါ်လာ (၁၅၇) သန်း ရရှိခဲ့ပြီး (၂၀၂၁)ခုနှစ် အလားတူကာလတွင် ဒေါ်လာ (၃၇၉)သန်း တိုးတက်ခဲ့ကြောင်း၊
- ❖ (၂၀၂၀)ပြည့်နှစ် ဧပြီလမှ ဩဂုတ်လအထိ အသား၊ နို့နှင့် မွေးမြူရေးကြက် ထွက်ကုန်ပစ္စည်းများ တင်ပို့မှုသည် ဒေါ်လာ(၁၁၈၅)သန်းရရှိခဲ့ပြီး (၂၀၂၁) ခုနှစ်အလားတူကာလတွင် ဒေါ်လာ(၁,၅၅၄)သန်းအထိ မြင့်တက်ရရှိခဲ့ကြောင်း၊
- ❖ သီဟိုစေ့တင်ပို့မှုသည် (၂၀၂၀)ပြည့်နှစ်၊ ဧပြီလမှ ဩဂုတ်လအထိ ဒေါ်လာ(၁၄၄)သန်း ရရှိခဲ့ပြီး (၂၀၂၁)ခုနှစ် အလားတူကာလတွင် ဒေါ်လာ (၁၈၅)သန်းရရှိခဲ့ပြီး (၂၈.၅%) တိုးတက်ခဲ့ကြောင်း (၂၂.၉.၂၀၂၁)တွင် ထုတ်ပြန်ခဲ့သော အိန္ဒိယနိုင်ငံ News on Air သတင်းဌာန၏ National news သတင်းစောင်းပါးအရ သိရှိရပါသည်။

Source: https://newsonair.com/2021/09/22/ india-records-22-rise-in-export-of-agricultural-processed-food-products-in-april-august/

## ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ကမ္ဘာ့ပဲပုတ်စေ့ စိုက်ပျိုးထုတ်လုပ်မှု ၄.၃ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်းခန့်မှန်း

- ♣ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ပဲပုတ်စေ့ စိုက်ပျိုးထုတ်လုပ်မှုမှ ပဲပုတ်စေ့တန်ချိန် ၃၈၀.၁ သန်း အထိ ထွက်ရှိနိုင်ပြီး ယခင်နှစ် သီးနှံကာလတွင် ထုတ်လုပ်ခဲ့သည့် ပဲပုတ်စေ့တန်ချိန် ၃၆၃.၆ သန်းထက် ၄.၃ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း၊
- ♣ အိန္ဒိယနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့၏ သီးနှံထွက်ရှိမှု ကျဆင်းခဲ့သော်လည်း ကမ္ဘာ့ဆီထွက်သီးနှံထုတ်လုပ်မှု၏ ၃၇ ရာခိုင်နှုန်းရှိသည့် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့ထွက်ရှိမှု တိုးတက်ခဲ့သဖြင့် ကမ္ဘာ့ဆီထွက်သီးနှံ ထုတ်လုပ်မှုသည် ကြိုတင်ခန့်မှန်းချက်အတိုင်း ဖြစ်ပေါ်ခဲ့ကြောင်း၊
- ♣ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် တောင်အမေရိကနိုင်ငံများ၏ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည်တန်ချိန် ၁၉၇.၇၀ သန်းရှိခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် တန်ချိန် ၂၁၁.၉၄ သန်းအထိရှိနိုင်ကြောင်း ခန့်မှန်းထားသဖြင့် ၇ ရာခိုင်နှုန်း ပိုမိုတိုးတက်ထွက်ရှိနိုင်ကြောင်း၊
- ♣ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအတွင်း ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၅.၀၄ သန်း အား တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူ တင်ပို့ခဲ့သည့် တန်ချိန် ၃.၉၂ သန်းထက် ၂၈ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း၊

ပဲပုတ်စေ့စားသောက်ကုန် တင်ပို့မှု တွင် စက်တင်ဘာလအတွင်း တန်ချိန် ၁.၇၂ သန်းအထိ ရှိနိုင်ကြောင်း၊ ယခင်နှစ်ကာလတူတွင် တန်ချိန် ၁.၃၂ သန်းအား တင်ပို့ခဲ့ကြောင်း၊ ဩဂုတ်လတွင် ပဲပုတ်စေ့စားသောက်ကုန်တန်ချိန် ၁.၂၈ သန်း တင်ပို့ခဲ့ကြောင်း၊ ယခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလကုန် အထိကာလတွင် စားသောက်ကုန်တန်ချိန် ၁၃.၀၁ သန်းအား တင်ပို့နိုင်ရန် ခန့်မှန်းထားကြောင်း National Association of Cereal Exporters (ANEC) ၏သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် - canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး၊ ဘရာဇီးလ်

## အိန္ဒိယနိုင်ငံတွင် ၂၀၂၁ ခုနှစ် မိုးသီးနှံရာသီ၌ စပါးနှင့် ပဲမျိုးစုံ ဧရိယာတိုးချဲ့ စိုက်ပျိုးခဲ့ခြင်း

- အိန္ဒိယနိုင်ငံ၏ ၂၀၂၁-၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရေးရာသီတွင် ပြည်နယ်များစွာ၌ မိုးရွာသွန်းမှု ပုံသဏ္ဍာန်မမှန်သောကြောင့် လယ်ယာလုပ်ငန်း ဆောင်ရွက်မှုများ နှောင့်နှေးမှုဖြစ်ပေါ်ခဲ့သော်လည်း မိုးသီးနှံစပါးနှင့် ပဲမျိုးစုံတို့အား ယခင်နှစ် ကထက်ပိုမို၍ တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊
- မိုးသီးနှံပဲမျိုးစုံတွင် ပဲစင်းငုံဧရိယာ ဟက်တာ ၅၀.၅၀ သိန်း စိုက်ပျိုးနိုင်ခဲ့ရာ ယခင်နှစ်ကထက် ဟက်တာ ၁.၇၅ သိန်း ပိုမိုခဲ့ပြီး၊ မတ်ပဲစိုက်ဧရိယာသည်လည်း ယခင်နှစ်ထက် ဟက်တာ ဝ.၈၂ သိန်း ပိုမိုလျက် ဟက်တာ ၄၀.၀၅ သိန်း စိုက်ပျိုးထားရှိပြီး မိုးပဲတီစိမ်း စိုက်ပျိုးမှုမှာ ယခင်နှစ်က ဟက်တာ ၃၅.၅၃ သိန်း ရှိခဲ့ရာမှာ ယခုနှစ်တွင် ဟက်တာ ၃၅.၄၁ သိန်းသို့ ကျဆင်းခဲ့ကြောင်း၊
- အထူးသဖြင့် ပဲတီစိမ်းအဓိကစိုက်ပျိုးရာ ရာဂျပ်စတန်ပြည်နယ်၌ မိုးရွာသွန်းမှု ပုံသဏ္ဍာန် ပျက်ယွင်းခြင်းသည် စိုက်ပျိုးဧရိယာ လျော့ကျမှုဖြစ်စေခဲ့ကြောင်း၊ မိုးသီးနှံပဲမျိုးစုံစုစုပေါင်း စိုက်ပျိုးပြီးသည့်ဧရိယာမှာ ဟက်တာ ၁၄၂.၃၇ သိန်း ဖြစ်ပြီး ယခင်နှစ်ကထက် ဟက်တာ ၃.၀၃ သိန်း ပိုမိုတိုးချဲ့နိုင်ခဲ့ကြောင်း၊
- အခြားနှံစားသီးနှံများမှာ ၂၀၂၀ ပြည့်နှစ်၌ စိုက်ပျိုးမှုအောက် ဟက်တာ ၄.၇၁ သိန်းလျော့ နည်းလျက် ယခုနှစ်၌ ဧရိယာဟက်တာ ၁၇၈.၂၄ သိန်းနှင့် ဆီထွက်သီးနှံသည် ဟက်တာ ၁၉၆.၁၀ သိန်း စိုက်ပျိုးပြီးစီးခဲ့ရာ ယခင်နှစ်စိုက်ပျိုးနိုင်မှုကို ပြည့်မီခြင်းမရှိပဲ ဟက်တာ ၂.၇၂ သိန်းလျော့နည်းခဲ့ပြီး ကြံစိုက်ပျိုးမှုမှာ ယခင်နှစ်ထက် ဟက်တာ ၁.၁၀ သိန်း ပိုမိုလျက် ဧရိယာဟက်တာပေါင်း ၅၅.၂၂ သိန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

Source: Rise in paddy, pulses area lifts kharif acreage to 1,121.81 lakh hectares, 2-10-2021, The Hindu Business Line
နေအေးလွင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီ

## အိန္ဒိယနိုင်ငံ၌ ပိုလျှံမှုရှိသည့် သကြား၊ ဆန်နှင့်ပြောင်းတို့မှ အီသနောလောင်စာ ထုတ်လုပ်မည်

- အိန္ဒိယနိုင်ငံတွင် ပြည်တွင်း ကြံစိုက်ပျိုးထုတ်လုပ်မှုမှ ပိုလျှံသည့်ပမာဏအား အီသနော လောင်စာဆီအဖြစ် ထုတ်လုပ်ခြင်းအပြင် ၂၀၂၅ ခုနှစ်၌ ဓာတ်ဆီတွင်၂၀%အထိ ရောနှောအသုံးပြု ရန် ရည်မှန်းချက်ချမှတ်ထားမှုကို ဖြည့်ဆည်းနိုင် ရေးအတွက် ဆန်နှင့်ပြောင်းတို့ကဲ့သို့သော ကောက်ပဲသီးနှံများထုတ်လုပ်မှုမှ ပိုလျှံမည့်ပမာဏကိုလည်း အီသနောအဖြစ်သို့ ပြောင်းလဲ အသုံးပြုမည်ဖြစ်ကြောင်း၊
- အိန္ဒိယနိုင်ငံ ပြည်တွင်း၌ သကြားထုတ်လုပ်မှုမှာ နှစ်စဉ်တန်ချိန်၃၂သန်းကျော်ရှိကြောင်း၊ ပြည်တွင်းသုံးစွဲမှုမှာ တန်ချိန် ၂၆သန်းခန့်ဖြစ်ရာ လွန်ခဲ့သောနှစ်များတွင် သကြားတန်ချိန် ၄ သန်းမှ ၄.၅ သန်းအထိ ပိုလျှံမှုရှိခဲ့ကြောင်း၊ ထိုသို့ ပိုလျှံစွာ ထုတ်လုပ်နိုင်ခြင်းသည် ပြည်တွင်း သကြားဈေးနှုန်းနိမ့်ကျမှုဖြစ်စေပြီး စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများနှင့် ကြိတ်ခွဲထုတ်လုပ်သည့် သကြားစက်ရုံလုပ်ငန်းများအပေါ် သက်ရောက်မှုရှိကြောင်း၊
- ယခုနှစ်၌ သကြားတန်ချိန် ၃.၅ သန်းခန့်ကို လောင်စာအဖြစ် ပြောင်းလဲအသုံးပြုမည် ဖြစ်ကြောင်း၊ ရှေ့လာမည့်နှစ်တွင် သကြား တန်ချိန် ၆ သန်းခန့်အား အီသနောထုတ်လုပ်မှုသို့ ပြောင်းလဲခြင်းဖြင့် ဈေးကွက်အတွင်းမှ ပိုလျှံမှုကို လျော့ချနိုင်မည်ဖြစ်ကြောင်း၊
- လက်ရှိကာလတွင် ဓာတ်ဆီ၌လောင်စာအဖြစ် ၁၀% ပါဝင်ရောနှောနိုင်ရေးအတွက် အီသနောထုတ်လုပ်မှုကို ခွင့်ပြုထားပြီး ၂၀၂၄ ခုနှစ်မှစတင်၍ ၂၀% အထိ ရောနှောရန် ခွင့်ပြုမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်း ကောက်ပဲသီးနှံထုတ်လုပ်မှုမှာ ပိုလျှံသည့် ဆန်နှင့်ပြောင်း တန်ချိန် ၁၆.၅ သန်းခန့်ကိုလည်း အီသနောထုတ်လုပ်ရာတွင် အသုံးပြုမည်ဖြစ်ကြောင်း၊
- အိန္ဒိယနိုင်ငံ၌ ကြံစိုက်ပျိုးသကြားထုတ်လုပ်တင်ပို့ရောင်းချသည့် ဈေးကွက်ရာသီကာလမှာ အောက်တိုဘာလမှ နောက်နှစ် စက်တင်ဘာလအထိဖြစ်ပြီး ပြီးခဲ့သော ၂၀၂၀-၂၀၂၁ ရာသီအတွင်း ပိုလျှံမှုရှိသည့် သကြားတန်ချိန် ၂ သန်းခန့်ကို အီသနောလောင်စာအဖြစ် ပြောင်းလဲအသုံးပြုခဲ့ကြောင်း၊ ယခုနှစ် ဇွန်လတွင် အစိုးရသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော အိန္ဒိယစားသောက်ကုန်ကော်ပိုရေးရှင်းထံမှ ဆန်တန်ချိန် ၇၈၀၀၀ကို အီသနောအဖြစ် ပြောင်းလဲ ထုတ်လုပ်ရန်အတွက် ၁ ကီလိုလျှင် ရူပီး ၂၀ ထောက်ပံ့ဈေးနှုန်းဖြင့် နိုဝင်ဘာလကုန်အထိ ရောင်းချခွင့်ပြုခဲ့ကြောင်း အိန္ဒိယစားသုံးသူရေးရာ ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားပါသည်။

Source: 1. Nearly 17 mn tonnes of surplus foodgrains to be used for ethanol making, 1-10-2021, Economic Times
2. Centre doubles incentive on sugar sacrificed for producing ethanol from October 2021, 1-10-2021, Press Information Bureau of India
**နေအေးလွင်၊ စီးပွားရေးသံမှူး၊ အိန္ဒိယ**

## မန္တလေးဈေးကွက်ရောင်းဝယ်ဖောက်ကားမှု အခြေအနေ

### ဆီထွက်သီးနှံ နှင့် ဆီဈေးကွက်အခြေအနေ

- မန္တလေးဈေးကွက်တွင် မြေပဲ(လုံးဆန်)နှင့် ဆီဆံဈေးနှုန်းများမှာ မိုးမြေပဲများဝင်ရောက်စဖြစ်ခြင်း၊ ဆောင်းမြေပဲ စတင်စိုက်ပျိုးမှုရှိခြင်းတို့ကြောင့် လုပ်ငန်းသုံးနှင့် ဆီစက်သမား အဝယ်ပုံမှန်ရှိသော်လည်း ၁၀၀ ပိဿာလျှင် ယခင်အပတ် ၂၉၅၀၀၀ ကျပ်မှ ၂၉၀၀၀၀ သို့ ဈေးနိမ့်သွားပါသည်။
- မြင်းမူမြေပဲမှာ အရည်အသွေးကောင်းပြီး မျိုးသမားအဝယ်ရှိသဖြင့် ၁၀၀ပိဿာ ၃၁၀၀၀၀ ကျပ်သို့ ဈေးမြင့်နေပြီး ဆီဆန်မှာ ကျောက်ပန်းတောင်း၊ နွားထိုးကြီးတို့မှ အဝင်ရှိခြင်းကြောင့် အရည်အသွေးပေါ် မူတည်၍ ၁၀၀ပိဿာလျှင် ၂၅၀၀၀၀ကျပ်၊ ၂၆၀၀၀၀ကျပ်၊ ၂၆၅၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေပါသည်။
- မိုးနှမ်းအဝင် နည်းသွားခြင်း၊ ဆောင်းနှမ်း စတင်စိုက်ပျိုးစဖြစ်ခြင်းကြောင့် တရုတ်ဝယ်လက်နည်းပြီး မြို့တွင်းသုံးသာရှိသော်လည်း နှမ်းဖြူ ၄၅ ပိဿာလျှင် ၁၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပါသည်။
- နှမ်းညိုအသစ်များ အဝင်ရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၄၅ပိဿာလျှင် ၁၂၀၀၀၀ ကျပ်မှ ၁၂၅၀၀၀ကျပ်အထိ ရောင်းဝယ်နေပါသည်။ ပန်းနှမ်းမှာ ယခု အပတ် အရောင်းအဝယ်အေးသဖြင့် ယခင်အပတ် ၄၅ပိဿာ ၉၂၅၀၀ကျပ်မှ ၈၉၀၀၀ကျပ် သို့ ဈေးနိမ့်သွားသည်။
- ပဲဆီတပိဿာ ၆၀၀၀ကျပ်၊ နေကြာဆီတပိဿာ ၆၂၅၀ကျပ် ပဲပုတ်ဆီ တစ်ပိဿာ ၃၅၀၀ကျပ် စားအုန်းဆီတပိဿာ ၄၇၈၀ကျပ်ဖြင့် မြို့တွင်းသုံး ပုံမှန် ရောင်းဝယ်နေပါသည်။

### ပဲမျိုးစုံဈေးကွက်အခြေအနေ

- မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော် အသင်းတွင် ယခုအပတ်တွင် ပြည်ပပို့ရန် ဝယ်ယူမှုရှိသော ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစဥ်းငုံ (နီ)၊ မြေတောက်ပဲတို့မှာ ငွေဈေးမတည်ငြိမ်ခြင်း၊ ကားခဈေးမြင့်သော်လည်း ရန်ကုန်ဝယ်လက်၊ တရုတ်ဝယ်လက်များက ဈေးနိမ့်ဝယ်ယူခြင်း၊ ရောင်းသူကုန်သည်များကလည်း မိုးစိုက်လက်ကျန်နည်းပြီး ဆောင်းစိုက်စတင်စိုက်ပျိုးစဖြစ်၍ ရောင်းချမှုနည်းခြင်းတို့ကြောင့် ဈေးကွက်အေးပြီး မတ်ပဲ ၆၀ ပိဿာ ယခင်အပတ် ၁၉၂၅၀၀ကျပ်မှ ၁၅၈၅၀၀ ကျပ်၊ ပဲတီစိမ်း (အညာ)ယခင်အပတ် ၁၂၂၂၅၀ ကျပ် မှ ၁၂၁၀၀၀ကျပ် ပဲစဥ်းငုံ (နီ) ၆၀ပိဿာလျှင် ယခင်အပတ် ၁၄၅၀၀၀ကျပ် မှ ၁၂၉၀၀၀ ကျပ် သို့ ဈေးအသီးသီးနိမ့်နေပါသည်။
- ပဲပုတ် (မြန်မာ)၊ ကုလားပဲ (ထိုင်ဝမ်) ကုလားပဲ (ဖြူကြီး၊ ထောပတ်ပဲ၊ ကြီး/သေး)၊ ပဲလွန်းဖြူတို့မှာ မြို့တွင်းသုံး၊ ပဲခွဲစက်များဝယ်ယူမှုနည်းသဖြင့် ဈေးအနည်းငယ်နိမ့်နေပါသည်။
- စားတော်ပဲ (ကျွန်း) မှာ စားတော်ပဲ (ကနေဒါ) ဝင်ရောက်မှုရှိသဖြင့် မြို့တွင်းလက်လီသမားများက ဈေးနိမ့်သော ကနေဒါမျိုးအား ၅၉.၂၅ ပိဿာ ၁၇၁၅၀၀ကျပ်အား ဝယ်ယူမှုများသဖြင့် စားတော်ပဲကျွန်းအရောင်းအဝယ်အေးပြီး ယခင်အပတ် ၂၂၀၀၀၀ ကျပ်မှ ၂၁၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။
- ပဲကွန်ပြာမှာ ပစ္စည်းရှားခြင်းနှင့် အရောင်းအဝယ်အေးခြင်းကြောင့် ၅၄.၂၅ ပိဿာလျှင် ၁၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပါသည်။
- ပဲပြား (ကြီး/သေး) တို့မှာ မိုးလက်ကျန် နည်းပြီး ဆောင်းစိုက်ပျိုးစဖြစ်ခြင်း၊ မြို့တွင်း ပဲကြော်/လှော် သမားများ ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ပဲကြီး(ကြီး) ၅၅.၂၅ပိဿာ ယခင်အပတ် ၁၈၅၀၀၀ ကျပ်မှ ၁၈၇၅၀၀ ကျပ်၊ ပဲကြီး (သေး) ၂၆၀၀၀၀ ကျပ်မှ ၁၆၂၅၀၀ ကျပ်သို့ ဈေးမြင့်သွားပါသည်။

### ကိုင်းတန်းဈေး စားဖိုဆောင်သီးနှံ ဈေးကွက် အခြေအနေ

- ကြက်သွန်နီဈေးနှုန်းမှာ မိုးကြက်သွန်များ နယ်စုံမှ ဝင်ရောက်မှုရှိအပြင် ထိုင်း၊မြဝတီမှတဆင့် တရုတ်နှင့် ဘင်္ဂလားဝယ်လက်ရှိသော်လည်း ကြက်သွန်နီ (ကြီး) ယခင်အပတ် ၉၀၀ မှ ၈၀၀ ကျပ် (လတ်) တစ်ပိဿာ ၇၀၀ ကျပ် မှ ၆၀၀ကျပ် သေး တစ်ပိဿာ၄၀၀ကျပ်သို့ ဈေးနိမ့်နေပါသည်။
- တရုတ်ကြက်သွန်ဖြူ အဝင်ပုံမှန် စားသုံးမှု ပုံမှန်ဖြစ်၍ တစ်ပိဿာ ၄၄၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ကြက်သွန်ဖြူ(ရှမ်း)မှာ စတင် စိုက်ပျိုးချိန်ဖြစ်၍ လက်ကျန်များ အရည်အသွေးပေါ်မူတည်၍ ၂၀၀၀ ကျပ်မှ ၃၀၀၀ကျပ် ကြက်သွန်ဖြူ (မြေပြန့်) ၂၆၀၀ကျပ်မှ ၃၃၀၀ကျပ် ဈေးအသီးသီးဖြင့် ရောင်းဝယ်နေပါသည်။
- အာလူး အိုကေ၊ အေဝမ်း တို့မှာ အောင်ပန်းဒေသတခုထဲမှ ထွက်ရှိပြီး နယ်စုံ ဖြန့်ဝေမှုရှိသဖြင့် ပင်ရင်းဈေးမြင့်ခြင်းကြောင့် အိုကေ တစ်ပိဿာ ၁၅၀၀ကျပ်မှ ၂၀၀၀ကျပ် အေဝမ်း တစ်ပိဿာ ၁၂၀၀ကျပ်မှ ၁၈၀၀ ကျပ်ဖြင့် ရောင်းဝယ်နေပြီး ဆွဲသီးဝင်ရောက်မှုမရှိကြောင်း သိရသည်။
- ချင်းဈေးနှုန်းမှာ ဘင်္ဂလားသို့တင်ပို့မှုမရှိခြင်း၊ အသစ်ပေါ်ချိန်ဖြစ်ခြင်းတို့ကြောင့် ချင်းသစ်တစ်ပိဿာ ၆၀၀ကျပ် ချင်းဟောင်းတစ်ပိဿာ ၈၀၀ကျပ်ဖြင့် မြို့သွင်းသုံးနှင့် ချင်းထိုးသမား ပုံမှန် ဝယ်ယူမှုရှိနေ ပါသည်။

ခင်မေကြည်၊ လ/ထ ညွှန်မှုး

### ပင်လယ်ရေကြောင်းမှ ကုန်ပစ္စည်းတင်ပို့မှု နှုန်းထားများ မြင့်မားလာမှုကြောင့် ပို့ကုန် တင်ပို့သူများအား ထိခိုက်လျက်ရှိခြင်း

- ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ၎င်းတို့၏ စက်ရုံများ ပြန်လည်ဖွင့်လှစ်ရန် အဆင့်သင့်ဖြစ်လျက် ရှိသောကြောင့် ကုန်ပစ္စည်းဝယ်လိုအားများ လျော့ကျလျက်ရှိကြောင်း၊ သို့သော် ကုန်ကြမ်းပစ္စည်း ဈေးနှုန်းများ မြင့်တက်မှုနှင့် ပို့ကုန်တင်ပို့သည့် ကုန်ကျစရိတ်များ အလွန်မြင့်မားသောကြောင့် တရုတ်နိုင်ငံမှ ပို့ကုန်တင်ပို့သူများအား ထိခိုက်လျက်ရှိကြောင်း၊
- ပို့ကုန်တင်ပို့မှုကုန်ကျစရိတ်မှာ ယခင်နှစ် အနည်းဆုံးကုန်ကျစရိတ်နှင့် နှိုင်းယှဉ်လျှင် (၄၀၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ လုပ်ငန်းအမျိုးမျိုးမှ ပို့ကုန်ပစ္စည်းတင်ပို့သည့် ကုန်ကျစရိတ်များ မြင့်တက်မှုမှာ ညီမျှမှုမရှိကြောင်း၊
- လွန်ခဲ့သော (၁၈) လခန့်မှ စတင်၍ ပို့ကုန် တင်ပို့သည့် ကုန်ကျစရိတ်များ မြင့်တက်ခဲ့မှုကြောင့် အချို့သောသွင်းကုန်တင်သွင်းသူများမှာ ၎င်းတို့ဝယ်ယူသည့်ပမာဏပြန်လည်လျှော့ချမှုများ စတင်ပြုလုပ်ခဲ့ကြကြောင်း၊
- ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် ပင်လယ်ရေကြောင်းမှ ကုန်ပစ္စည်းတင်ပို့မှုသာမက ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးသည့် ကွင်းဆက်အပေါ် ဖိအားများဖြစ်ပေါ်စေနိုင်ကြောင်း၊ ၎င်းတို့ရောင်းချမည့် ကုန်ပစ္စည်းများထုတ်လုပ်ရန်လိုအပ်သည့်ကုန်ကြမ်းပစ္စည်းဈေးနှုန်းမှာ မြင့်မား လျက်ရှိကြောင်း၊
- ထုတ်လုပ်သူများအနေဖြင့် တန်ဖိုး နည်းပါးသည့် ကုန်ပစ္စည်းများ ထုတ်လုပ်မှုအား လျှော့ချလာကြကြောင်း၊ ပို့ကုန်တင်ပို့မှု ကုန်ကျစရိတ်မြင့်မားမှုကြောင့် တရုတ်နိုင်ငံမှ ကုန်ပစ္စည်း တင်ပို့မှုအပေါ် ပြောင်းလဲမှုများဖြစ်ပေါ်စေခဲ့ကြောင်း၊ ကပ်ရောဂါကာလအတွင်း ကုန်ပစ္စည်းတန်ဖိုးမြင့်မားပြီး အရွယ်ပမာဏသေးငယ်သည့်ပစ္စည်းများ တင်ပို့ရောင်းချမှုမှာ ကုန်ပစ္စည်းတန်ဖိုး လျော့နည်းပြီး အရွယ်ပမာဏကြီးမားသည့်ပစ္စည်းများ တင်ပို့ရောင်းချမှုထက် ပိုမိုကောင်းမွန်ကြောင်း၊
- ကွန်ပြူတာ၊ ဆက်သွယ်ရေးပစ္စည်းများ လုပ်ငန်းနှင့် ကပ်ရောဂါ ဆက်စပ်ဆေးဝါးပစ္စည်းများ တင်ပို့မှုမှာ လျင်မြန်စွာတိုးတက်လာပြီး ကုန်ပစ္စည်းပမာဏအရွယ်ကြီးမားပြီး တန်ဖိုး လျော့နည်းသည့် ကုန်ပစ္စည်းများတင်ပို့မှုမှာ နှေးကွေးလာကြောင်း၊
- ၂၀၂၁ ခုနှစ် နှစ်ဦးပိုင်းနှင့် နှိုင်းယှဉ်လျှင် တရုတ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှာ ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ (၂၉၄.၃၂) ဘီလီယံ ရာခိုင်နှုန်းအားဖြင့် (၂၅.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း။၊
- ကုန်တင်ပို့ခမြင့်မားမှုနှင့် ကွန်တိန်နာများ ပိတ်ဆို့မှုကြောင့် ခရစ္စမတ်ပစ္စည်း ဝယ်ယူသူများမှာ ကြိုတင်မှာယူလာကြကြောင်း၊ တရုတ်နိုင်ငံမှ ပို့ကုန်များ မြင့်တက်လာနိုင်သည့် လက္ခဏာများ ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး၊ဟောင်ကောင်

### အိန္ဒိယနိုင်ငံ၌ စားသုံးဆီနှင့် ဆီထွက်သီးနှံ သိုလှောင်နိုင်မှု ပမာဏကန့်သတ်ခြင်း

- ❖ အိန္ဒိယ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာ ဝန်ကြီးဌာနက ၈-၁၀-၂၀၂၁ နေ့၌ အမိန့်အမှတ် S.O. 4146(E) ကို ထုတ်ပြန်ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ လက်ဝယ်၌ စားသုံးဆီနှင့် ဆီထွက်သီးနှံများ သိုလှောင်ထားရှိခွင့်ကို အမိန့်ထုတ်ပြန်ချိန်မှစတင်၍ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ကန့်သတ်မှုပြုမည်ဖြစ်ကြောင်း၊
- ❖ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အလိုက် ကုန်စည်လက်ကျန်နှင့် စားသုံးမှုအခြေအနေအပေါ်မူတည်၍ သိုလှောင်ထားရှိနိုင်မည့် ပမာဏကို သက်ဆိုင်ရာ ဒေသန္တရအစိုးရအဖွဲ့များက သတ်မှတ်မည်ဖြစ်ကြောင်း၊
- ❖ လုပ်ငန်းရှင်များအနေဖြင့် အကယ်၍ ၎င်းတို့လက်ဝယ်တွင်သတ်မှတ်ပြဌာန်းချက်ထက် ကုန်စည်များ ပိုမိုရှိနေလျှင် စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဦးစီးဌာန၏ ကုန်စည်အချက်အလက် အင်တာနက် စာကြိုး၌ ထုတ်ဖော်ကြေညာရမည်ဖြစ်ပြီး ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ပမာဏသို့ လျှော့ချ သိုလှောင်ရမည်ဖြစ်ကြောင်း၊

- ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၌ ပို့ကုန်/သွင်းကုန် မှတ်ပုံတင် လက်မှတ်ရယူလျက် စားသုံးဆီတင်ပို့လျက်ရှိသော ဆီကြိတ်ခွဲထုတ်လုပ်သူ၊ ပြန်လည်သန့် စင်သူ၊ လက်လီလက်ကားဖြန့်ဖြူးသူများသည် ပြည်ပတင်ပို့ရန်အတွက် စားသုံးဆီနှင့် ဆီထွက်သီးနှံများအား လက်ဝယ်ထားရှိကြောင်း ရှင်းလင်းပြသနိုင်ပါက ဤကန့်သတ်ချက်မှ ကင်းလွတ် ခွင့်ရှိမည်ဖြစ်ကြောင်း၊
- အိန္ဒိယနိုင်ငံ၌ ပြည်တွင်းစားသုံးဆီလိုအပ်ချက်၏ ၆၀% ခန့်အား ဖြည့်ဆည်းနိုင်ရန် အတွက် နှစ်စဉ် ပြည်ပမှ ဝယ်ယူတင်သွင်းနေရပြီး နိုင်ငံတကာဈေးကွက် အခြေအနေနှင့် ပြည်တွင်းသွင်းအားစုအပိုင်း၌ ကျပ်တည်းမှုအရ ပြည်တွင်း၌ စားသုံးဆီဈေးနှုန်းများသည် လွန်ခဲ့သည့် ၁နှစ်အတွင်း မြင့်တက်လာခဲ့ရာ အောက်တိုဘာလ ၉ ရက်နေ့ရှိ ပဲပုတ်ဆီ လက်လီဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၁၅၄.၉၅ ရူပီးနှုန်းသို့ရောက်ရှိပြီး ယခင်နှစ်ကာလတူထက် ၄၆.၁၅% ပိုမိုလာကြောင်း၊
- ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အစိုးရ အဖွဲ့များအနေဖြင့် စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့် ဖြူးမှုရေးရာဦးစီးဌာန၏ ကုန်စည်အချက် အလက်စကြာဝင်းသို့ လုပ်ငန်းရှင်များမှ စားသုံးဆီနှင့် ဆီထွက်သီးနှံ ကုန်လက်ကျန်စာရင်းများ ပုံမှန်ဖော်ထုတ်တင်ပြစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် ဗဟိုအစိုးရက တိုက်တွန်းထားပါသည်။

Source: 1. Order No. S.O. 4146(E) dated 8th October 2021 of Ministry of Consumer Affairs, Food and Public Distribution of India

2. Centre imposes stock limits on edible oils to soften prices in domestic market, 10-10-2021, Economic Times

နေအေးလွင်၊ စီးပွားရေးသံမှူး၊ အိန္ဒိယ

# စိုက်ပျိုးရေး

# ဈေးကွက်သတင်းလွှာ

## (Agriculture Market Bulletin)

## Market Information System

## စိုက်ပျိုးရေးဦးစီးဌာန

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန်လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈

Email: doamisppme@gmail.com



ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်
စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရုံးအမှတ်(၄၃)၊ နေပြည်တော်